ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်–မန္တလေး
မန္တလေးမြို့
University of Medicine, Mandalay
MYANMAR

စာအမှတ်- ၁၅၉၅/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်) ရက်စွဲ- ၂၁-၆-၂၀၂၂

အကြောင်းအရာ။ ။ ၂၀၂၂ ပညာသင်နှစ် Certificate Course in Anaesthesia သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၂ ပညာသင်နှစ် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် Certificate Course in Anaesthesia သင်တန်းအတွက် လျှောက်လွှာကို ကြော်ငြာခေါ်ယူထားပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များနှင့် ပူးတွဲပေးပို့ရမည့် အထောက်အထားစာရွက်စာတမ်းများကို ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားနိုင်ရန် ပူးတွဲပါ ကြေညာချက်များကို မိမိတို့လက်အောက်ရှိ ဌာနများအားလုံးသို့ အချိန်မှီ ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော လျှောက်လွှာများကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ထောက်ခံချက်ဖြင့် ဆေးတက္ကသိုလ်-မန္တလေးသို့ (၂၉-၆-၂၀၂၂) ရက်နေ့ နောက်ဆုံးထားပေးပို့ပါရန် တစ်ပါ တည်း အကြောင်းကြားအပ်ပါသည်။

ပါမောက္ခဒေါက်တာမျိုးသက်တင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်-မန္တလေး
မန္တလေးမြို့

Address: 30th Street, 73rd & 74th Street Block, Chan Aye Thar Zan Township, Mandalay, Myanmar
Office Phone: Rector 95-2-36634, Pro-rector 95-2-39066, Registrar 95-2-36637, Fax 95-2-36639,
E-mail: rector@ummdy.com, rct-ummdy@dms.gov.mm

ဖြန့်ဝေခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန။

၂။ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

၃။ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်။

၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

၅။ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်။

၆။ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်။

၇။ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်။

၈။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)။

၉။ ပါမောက္ခချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ
အားလုံး။

၁၀။ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်း
မာရေးဦးစီးဌာန။

၁၁။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန။

၁၂။ ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး/ ဗဟိုအမျိုးသမီးဆေးရုံကြီး/
ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး/ခုတင်(၃၀၀)ဆံ့ကလေးဆေးရုံကြီး/ခုတင်(၃၀၀)ဆံ့
သင်ကြားရေးဆေးရုံကြီး/ အရိုးအထူးကုဆေးရုံကြီး/ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊
ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဆေးရုံကြီး/ အလုပ်သမားဆေးရုံကြီး/ တီဘီဆေးရုံကြီး/
စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့။

၁၃။ ဌာနမှူး၊ သန့်ရှင်းရေးဌာန (ကျန်းမာရေးဌာနခွဲ)၊ မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်-မန္တလေး

ရက်စွဲ။ ၂၀၂၂-ခုနှစ်၊ ဇွန်လ(၂၁)ရက်။

၂၀၂၂ ပညာသင်နှစ်

Certificate Course in Anaesthesia သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၂-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် **Certificate Course in Anaesthesia** သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် အခြားဆေးပညာဘွဲ့လွန်သင်တန်းတစ်ခုခုသို့ တက်ရောက်နေခြင်းမရှိသူ ဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(c) သင်တန်းပြီးဆုံးပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) **Certificate Course in Anaesthesia** သင်တန်း တက်ရောက်အောင်မြင်ပြီးသူများအနက် ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) သင်တန်းသို့ တက်ရောက်လိုသူများသည် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံပါက ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုခြင်းကို ကင်းလွတ်ခွင့်ပြု၍ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည် -**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊ (အသက်ထောက်ခံစာတင်ပြရန်)

(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ် ( )၊ ရက်စွဲ - - ၊

(စ) ပညာအရည်အချင်း၊

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည် -**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(ဃ) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်းသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်-မန္တလေးသို့ **(၂၉-၆-၂၀၂၂)**ရက်(**ဗုဒ္ဓဟူးနေ့**)နောက်ဆုံးထား၍ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၊ ဖုန်းနံပါတ် - ၀၂-၄၀၃၆၆၃၉၊ ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၁၀၊ ၀၂-၄၀၃၉၀၄၂ (လိုင်းခွဲ- ၂၀၃၊ ၂၂၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်-မန္တလေး၏ Website - www.ummdy.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာမျိုးသက်တင်)
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်-မန္တလေး

စာအမှတ်- ၁၅၉၄/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်)
ရက်စွဲ။ ၂၀၂၂- ခုနှစ်၊ ဇွန်လ (၂၁)ရက်။